# ပထမအကြိမ် ထိုင်ဝမ်-မြန်မာ ကုန်သွယ်ရေးဆွေးနွေးပွဲ ကျင်းပမည်

သတင်းရင်းမြစ် > အောင်မင်း
သောကြာနေ့၊ အောက်တိုဘာလ ၁၁ ရက် ၂၀၁၃ ခုနစ် ၁၀ နာရီ ၅၂ မိနစ်

စီးပွားရေးအရ နှစ်နိုင်ငံဆက်ဆံရေးအား မြှင့်တင်နိုင်ရန်အတွက် ထိုင်ဝမ်- မြန်မာကုန်သွယ်ရေးကောင်စီ ပူးပေါင်း
ဆွေးနွေးပွဲအား ပထမဆုံးအကြိမ်အဖြစ် ရန်ကုန်မြို့တွင် လာမည့်နိုဝင်ဘာလ၌ ကျင်းပသွားမည်ဟု ထိုင်ဝမ်နိုင်ငံခြား
ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက လွန်ခဲ့သောဗုဒ္ဓဟူးနေ့တွင် ပြောခဲ့သည်။

အဆိုပါတွေ့ဆုံပွဲအား ရန်ကုန်မြို့တွင် လာမည့် နိုဝင်ဘာ ၄ ရက်တွင် ကျင်းပသွားမည်ဟု ထိုင်ဝမ်နိုင်ငံခြားရေးဝန်ကြီးဌာနလက်အောက်ရှိ စီးပွားရေးနှင့်ကုန်သွယ်ရေးဌာနမှ အထွေထွေ ဒါရိုက်တာ Lai Chien-chung က ဗုဒ္ဓဟူးနေ့၌ ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ယင်းဆွေးနွေးပွဲမှာ နှစ်နိုင်ငံအကြားရှိ အနာဂတ်ကာလကုန်သွယ်ရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရေးအတွက် မြှင့်တင်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်းလည်း Lai က ပြောခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံမှာ သဘာဝသယံဇာတများ ကြွယ်ဝသည့်အတွက် နိုင်ငံတကာ အသိုင်းအဝိုင်း၏ အာရုံစိုက်မှုကို ခံနေရသည်ဟုလည်း ၎င်းကထပ်လောင်းပြောသွားခဲ့သည်။

ဆွေးနွေးပွဲတက်ရောက်မည့် ထိုင်ဝမ်ကိုယ်စားလှယ်အဖွဲ့အား ထိုင်ဝမ်အခြေစိုက် နိုင်ငံတကာတရုတ်များ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (CIECA) မှ ဦးဆောင်သွားမည်ဖြစ်သည်ဟုလည်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးအခွင့်အလမ်းများအား ရှာဖွေရန်အတွက် ဆွေးနွေးပွဲတက်ရောက်မည့် ထိုင်ဝမ်ကိုယ်စားလှယ် များအဖွဲ့တွင် စတီးလုပ်ငန်း၊ ဘိလပ်မြေလုပ်ငန်းနှင့် ကျန်းမာရေးလုပ်ငန်းများမှ စီးပွားရေးသမားများ လည်း ပါဝင်မည်ဖြစ်သည်။  (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk')); Post by Mizzima - News in Burmese
.